ထံဂုၤကီၢ်ဂၤကညီကရၢ

# International Karen Organisation

Asia Pacific Region | European Region | US/Canada Region

## ဘောကထာ ရေအားလျှပ်စစ်စီမံကိန်းအပေါ် IKO ၏ သဘောထားထုတ်ပြန်ချက်

နေ့စွဲ- ၁၂/၀၃/၂၀၁၆

၁။ ၈/၀၂/၂၀၁၆ ရက်နေ့ ဘောကထာချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး ဗမာအစိုးရ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာနနှင့် KNU သူးလေကုမ္ပဏီလီမီတက်တို့မှ MOU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ခြင်းအပေါ် ကရင်အရပ်ဖက်အဖွဲ့အစည်းများ၊ ကရင်ပြည်သူလူထုများမှ ဝေဖန်မှုများရှိခဲ့သလို KNU ထိပ်ပိုင်းခေါင်းဆောင်အတွင်းမှလည်း မပြေမလည်ပြောဆိုသံများ ထွက်ပေါ်လာခဲ့သည်။ ထို့ကြောင့် ၂၆/၀၂/၂၀၁၆ တွင် KNU ဗဟိုမှ ဖြေရှင်းချက်စာတစောင် ထုတ်ပြန်ခဲ့ရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။

၂။ ဘောကထာရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး KNU (၁၅)ကြိမ်မြောက်ကွန်ကရက်အပြီး (၄)ကြိမ်မြောက် KNU EC အစည်းအဝေးဆုံးဖြတ်ချက် အမှတ် (၉)အတိုင်း အကောင်အထည်ဖော် လုပ်ဆောင်ရန် ရှိနေပါလျှက်နှင့် ဆုံးဖြတ်ချက်အပေါ် ရပ်တည်လုပ်ဆောင်ခြင်းမရှိသည့်အတွက် ဤသို့ဖြစ်ခဲ့ရသည်ဟု IKO မှ သုံးသပ်သလို ကရင်ပြည်သူလူထုများ စိတ်ပူပန်မှု ကင်းရှင်းစေရန် MOU ၏ မူရင်းကို အများပြည်သူများသိရှိရန် ထုတ်ပြန်သင့်သည်ဟု IKO မှ အကြံပြုပါသည်။

၃။ အာဏာရှိ KNU ထိပ်ပိုင်းခေါင်းဆောင်တစု၏ လုပ်ရပ်နှင့်ပတ်သက်ပြီး ကရင်ပြည်သူများ၊ ကရင် အရပ်ဖက်အဖွဲ့အစည်းနှင့် KNU အတွင်း လုပ်ဖော်ကိုင်ဖက်များက လုပ်ငန်းများဖော်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန် ကြိမ်ဖန်များစွာ ဝေဖန်ထောက်ပြခဲ့ဘူးပါသည်။ သို့သော်လည်း အဆိုပါ ခေါင်းဆောင်တစုသည် KNU ကွန်ကရက်မှ ပေးအပ်ထားသော တာဝန်သက်တမ်းကုန်ဆုံးလုနီးပြီဖြစ်သော ယခုလိုအချိန်အထိ ပွင့်လင်းမြင်သာမှုမရှိခြင်းကြောင့် ဘောကထာအရေးကိစ္စ ပေါ်ခဲ့ရသည်ဟု IKO မှ သုံးသပ်သည်။

၄။ အဆိုပါ အာဏာရှိ KNU ထိပ်ပိုင်းခေါင်းဆောင်တစုသည် ငြိမ်းချမ်းရေးကို အသံကောင်းဟစ်ပြီး သက်တမ်းကုန်တော့မည့် သိန်းစိန်အစိုးရ၏ အသစ်တက်လာမည့် NLD အစိုးရအား အခက်အခဲကြုံစေမည့်လုပ်ရပ်များကို ပါရမီဖြည့်လုပ်ဆောင်နေခြင်းမှာ ကရင်လူမျိုးအပါအဝင် ဗမာပြည်သူတရပ်လုံး၏ ဆန္ဒကို ကျောခိုင်းဆန့်ကျင်ရာ ရောက်နေပါသည်။

၅။ KNU ၏ မရေရာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် သိန်းစိန်အစိုးရ၏ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ နယ်မြေတိုးချဲ့ခြင်းနှင့် ဗမာတပ်မတော် စစ်ဆင်ရေး တိုးချဲ့ခြင်းတို့ကို ခံနေရသည့်အပြင် ကရင်ဒုက္ခသည်များအနေနှင့် ပြည်တွင်းသို့ ပြန်အချေချပါက အာမခံချက်မရှိသလို ဒုက္ခသည်စခန်းတွင် ဆက်နေထိုင်ပါကလည်း ဖိအားအမျိုးမျိုးပေးခံနေရခြင်းတို့ကြောင့် မိမိကိုယ်ကို အဆုံးစီရင်သည့်ဖြစ်ရပ်များ တနေ့တခြားများပြားလာနေသည်။

၆။ အထက်ပါကိစ္စရပ်များ မပေါ်ပေါက်စေရန်နှင့် ကရင်တမျိုးသားလုံးမျှော်မှန်းထားသော တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စုစစ်စစ်ကို ဖော်ဆောင်နိုင်ရန် နောင်လာလတ္တံ့သောအချိန်တွင် KNU ထိပ်ပိုင်းခေါင်းဆောင်များသည် ကရင်ပြည်သူများနှင့် KNU တွင်း လုပ်ဖော်ကိုင်ဖက်များတို့၏ ယုံကြည်စိတ်ချစွာဖြင့် အားကိုးအားထားပြုနိုင်စေရန်အလို့ငှါ ယခင် KNU ကွန်ကရက်အဆက်ဆက်မှ တာဝန်ပေးခြင်းခံခဲ့ရသော KNU ခေါင်းဆောင်များနည်းတူ ပွင့်လင်းမြင်သာမှုရှိရှိနှင့် လက်တွဲညီညီလုပ်ဆောင်ရန် IKO မှ အလေးအနက် တိုက်တွန်းပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
နိုင်ငံတကာကရင်အမျိုးသားအဖွဲ့ (IKO)

ဆက်သွယ်ရန်...
- Mahn Orlando (မြန်မာနှင့် ကရင်ဘာသာ) +61431 527267
- Naw Htooku Hsarsay (English and Karen) +44 114-249828, +44-794522425
- Naw Myra Dahgaypaw (English and Karen) +1-718-207-2556